# သခင့်စကား
## The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

အဖ္ဗုတ်စဉ် (၁၉၀) မေလ ၂၀၁၇ ခုနှစ် ဗမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


အချိန်ပိ သည် ထာဝရဘုရား ၏ ကျွန်မ ဖြစ်ပါ၏။ ကိုယ်တော်၏ စကားအတိုင်း အချိန်ပိ ၌ ဖြစ်ပါစေသော။ လုကာ ၁း၃၈

### ရေရောတဲ့ဖေဖေ *မင်းအောင်သက်လွင်*

ရေရောတဲ့ဖေဖေ



သားသမီးတွေ ဗိုက်ဝ ဖို့ -
ထမင်းရည်ကို ရေရော သောက်ခဲ့တဲ့ ဖေဖေ။
ကလေးတွေ အစာဝ ဖို့ -
ကော်ဖီကို ရေရော သောက်ခဲ့တဲ့ ဖေဖေ။
ကလေးတွေ ထမင်းဝ ဖို့ -
ငပိရည်ကို ရေရော သောက်ခဲ့တဲ့ ဖေဖေ။
သားသမီးတွေ မလောက်ငမှာ စိုးလို့တဲ့ -
ဟင်းချိုကို ရေရော သောက်ခဲ့တဲ့ ဖေဖေ။
အဲဒီလို သားသမီးတွေ အတွက် -
ရေ ရောရင်း၊ ရေ ရောရင်းနဲ့
အသေစောခဲ့တဲ့ အဖေ့အတွက် - - -
သားတို့ သမီးတို့ရဲ့ မျက်ရည်တွေ
ဘဝ သမုဒ္ဒရာ ရေပြင်ထဲမှာ မျောပါသွားပြီ အဖေ။ ။ မင်းအောင်သက်လွင်

------------------------------------------------------------

### မှန် ဖွန်ပန်း

မှန်

မှန်လေး သူ့အလုပ် သူလုပ်ပြီး
သူ့နေရာ သူ နေနေပါတယ်။
လူတွေက ပြုံးခိုင်းရင် သူ ပြုံးပြတယ်။
မဲ့ပြရင်လည်း ပြန်ပြီး မဲ့ပြရတယ်။
ငိုရင်လည်း ထို့အတူ လိုက်ငိုရပြန်တယ်။
သူ့ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ဘာတစ်ခုမှ
လုပ်ပိုင်ခွင့် မရှိရှာပါဘူးကွယ်။
လူတွေ ခိုင်းစေမှုအတိုင်း လုပ်နေရရှာတဲ့ မှန်လေး ဘဝပါ၊
လူတွေ ထားတဲ့နေရာလေးမှာဘဲ
သစ္စာရှိရှိ ရပ်တည်နေတဲ့ မှန်လေး၊
မှန်ဝါးလာလို့ အမြင်တွေ ကြည်လင်မှုမရှိ
အသုံးမတည့် ဖြစ်တော့မဲ့ မှန်လေး၊
သို့သော်လည်း မကွဲ မကြေ၊ မအက် မကွဲသ၍
မှန်ရဲ့ ဝိုးတဝါး၊ မထင်မရှား ပုံရိပ်အဖြစ်
မှန်လေး နေရာ ကနေ ရှိနေပါ့မယ်။ ။
*(အစဉ်အမြဲ လေးစားစွာဖြင့် - ဖွန်ပန်း)*



------------------------------------------------------------

### (သေခြင်း ၊ ရှင်ခြင်း) (Saw Z Net Eagle)

သေခြင်း၊ရှင်ခြင်း

လူသေက သင်္ချိုင်းမှာ-
ပုပ်ပွန့်စော် အရိုးဆွေးမြေ့၊
ထိုသခင်က သေခြင်းမှာ နိဂုံး မချုပ်၊
ထမြောက် ရှင်သန် -
ဖြောင့်မတ်ခြင်းအတွက် တန်ခိုးတော်ကြောင့်၊
ကျွန်ုပ်လည်း သေ ၊ သင်လည်း သေ ၊ ထိုသခင်၌…
ကျွန်ုပ်လည်း ရှင် ၊ သင်လည်း ရှင် ၊ ထိုအရှင်၌…
နေ့ရက်စဉ်တိုင်း ကျွန်ုပ်အထဲက -
အသက်ရှင်စေတတ်သော
အို - သခင်ယေရှုခရစ်တော်။ ။ (Saw Z Net Eagle)



### အမှား ဆယ်မြူရယ်စိုးလွင်

အမှား




"လူဆိုတာ ၊ အမှား မကင်းဘူး"
မကင်းဘူး မှန်တယ်။ မကင်းတဲ့ အမှားမှာ -
ငါ … မထူးဇာတ် မခင်းတတ်ဘူး။
မှားတတ်ကြသည့်တိုင် ၊ အခွင့်အရေး လိုင်စင်လို
အရေခွံ ထူထူ ခြုံတဲ့အထဲ -
ငါ … မပါဘူး သူငယ်ချင်း ။ ။ ဆယ်မြူရယ်စိုးလွင်

----------------------------------------

### တံခါး *သိုးသူငယ် ဒါးက*

တံခါး

တံခါးတွေက အဆင်သင့် အနေအထားနဲ့ စောင့်ကြိုနေပြီနော်။
တို့တွေက ရှေ့မတိုး ၊ စောင့်မြဲ ရပ်နေတုံး။
တို့ မမြင်တတ်တာလား။ တို့ မမြင်သေးတာလား။
တို့မျက်လုံးတွေ အပိတ်ခံထားရတာလား။
တံခါးချင်း တူပေမဲ့ -
တစ်ဘက်ကမ်းရဲ့ ရလဒ်က
ရေ နဲ့ ဆီ လုံးဝ ကွာခြားဟန်။
တူသယောင် ဆောင် ထားတဲ့ တံခါး။
ပုံတူ အသွင် ကွဲတဲ့ တံခါး။
လှည့်ဖြား ယုံမှား လောက်တဲ့ တံခါး။
စစ်မှန်တဲ့ တံခါးကို သမ္မာသတိထား
နှုတ်ကပါတ် တရား၊ သခင့်စကားနဲ့ -
သေချာရွေးဖို့ လိုအပ်နေပြီနော် ။



----------------------------------------

### အမေသို့ Mary ဖျာပုံ

အမေသို့

သို့ - အမေ

၂၀၁၇ မတ်လ၊ ဒုတိယအပါတ်မှာ ကျရောက်မဲ့ မိခင်များနေ့မှာ အမေ့ကို ကျေးဇူးတင် စကားလေးတွေနဲ့အတူ အမေနဲ့ တွေ့ဆုံပြီး ဆက်ဆံမှု လေးတွေကို စာမဖွဲ့ ရတာ ကြာနေပြီမို့ အခုတော့ ယခင်ကလို စာရွက်ပေါ် မင်နဲ့ ရေးချတဲ့ခေတ်၊ စာတိုက်ပုံးနဲ့ စာပို့တဲ့ ခေတ် သိပ်မဟုတ်တော့ဘူး။ Gmail Email ဆိုပြီး အချိန်တိုနည်းနဲ့ ဆက်သွယ်ရေးစနစ် တိုးတက်နေတာမို့ အမေ့ကိုလည်း စာပို့ရင် ကမ္ဘာ တစ်ဝှမ်းလုံးမှာရှိတဲ့ မိခင်များ အားလုံးကိုလည်း Happy mother's Day ပါလို့ ဂုဏ်ပြုရင်း မိခင်များ အားလုံးအပေါ် အဖ ဘုရားသခင်၏ ထံတော်ပါးမှ ကျန်းမာ ပျော်ရွှင် ငြိမ်သက်ခြင်း ဝမ်းမြောက်ခြင်းများ အစဉ် ကျရောက်ပါစေလို့ ဆုတောင်း မေတ္တာ ပို့သ လိုက်ပါတယ်။

၂၀၁၇ ခုနှစ်ဟာ သမီးရဲ့အသက် Golden age ထဲဝင်တဲ့ နှစ်မို့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို အထူးချီးမွမ်းသလို အမေ့ ကိုလဲ ငယ်စဉ် ကလေးဘဝက စလို့ လေးဆယ့်ကိုး နှစ် တိုင်အောင် အကြင်နာ မေတ္တာ ပြနေသေးလို့ ကျေးဇူးတင် ဂုဏ်ယူ မိပါတယ်။ အဖေရှိစဉ် ကလည်း အမေ ဟာ အိမ်ထောင်ရှင် ပွဲကိုင်နေရာမှာ တာဝန်ယူသလို အဖေ ခေါ်တော်မူခြင်းခံရပြီး ၂၄ နှစ်တာ ယခုအချိန်ထိ သားသမီး မြေးတွေအပေါ် တာဝန်ကျေနေသေးလို့ ကျေးဇူးတင်သလို ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ဖုန်းဆက်တိုင်းလည်း အမေဟာ အစဉ် ဝမ်းမြောက်ပြီး ကျေးဇူးတော် ခံစားရတာတွေကို ပြန်လည် ဝေ ရတွက် ပြလို့ သူတစ်ပါးကို အမေရဲ့ ကောင်းတဲ့ပုံသက်သေတွေ ပြန်လည် ဝေငှ





သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၀ မေလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချိရန် ဂန္ထဝင် ထုတ်ဝေသည်။

ခွန်အားယူဘို့ အခွင့်အလမ်းကောင်း တစ်ခု ဖြစ်ပါတယ်။ အမေ့ကို ကျေးဇူးတင်ပါတယ်။

၂၀၁၇ မှာ ဘုရားရှင် အလိုတော်ရှိနေတဲ့ အလုပ်လေးမှာ ဆက်လက် လုပ်ကိုင်နေသေး သလို သမီးရဲ့ အိမ်အပြန် အမေ့အနားမှာ အတူရှိနေချင်သော အလိုတော် ကို ဝန်ခံရင်း နားလည်ခွင့်လွှတ် ဆက်လက်လုပ်ကိုင်ခွင့် ပြုနေသေးလို့ ကျေးဇူး တင်ပါတယ်။ Boss က parmit နောက်ထပ် ၁၀နှစ် အထိ လုပ်ကိုင်ဖို့ ခွင့်ပြု ပါတယ်။ ဘုရား အလိုတော်က ဘယ်လောက်ရှိမလည်း မသိဘူး။ အခြေအနေနဲ့ အချိန်အခါကိုတော့ ဘုရားကဘဲ ဆုံးဖြတ်ပေးမှာပေါ့။ ဖိ ၄း၆-၇ကို ဖတ်ပါ အမေ။

၁။ ဘုရားနဲ့ အစဉ် ဝမ်းမြောက်ဖို့။
၂။ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းတတ်ဖို့။
၃။ ဘုရားသခင် အနားမှာ အစဉ် ရှိတယ်ဆိုတာ သိဖို့နဲ့ မစိုးရိမ်တတ်ဖို့။
၄။ မိမိ လိုချင်တဲ့အရာကို ဘုရားသခင်ထံ တောင်းလျှောက်ဖို့ပါ။

ဒီ ကျမ်းပိုဒ်အားဖြင့် အမေ ခွန်အား ယူနိုင်ပါစေ။



၂၀၁၇ မှာ အမေတို့ မောင်နမ ၇ယောက် မှာ အမေ တစ်ယောက်တည်း ကျန်တော့ တာမို့ အမေ့ အလှည့် ဘယ်တော့လည်းလို့ တွေးမနေပါနဲ့။ အသက် ၈၇နှစ် တိုင် ကျန်းမာစွာ နေထိုင်နိုင်ခွင့် ရတာ၊ အမေ ဆိုတဲ့ တာဝန်တွေကို ထမ်းဆောင် နိုင်သေးတာ၊ အမြင်အာရုံ၊ အကြား အာရုံ၊ ဦးနှောက် မှတ်ဉာဏ်တွေ မှတ်မိ နေသေးတာ။ ဘုရား သခင် ရဲ့ ကျေးဇူးကို ချီးမွမ်းလိုက်ပါ အမေ။ ဘုရား ပေးတဲ့ ကျေးဇူးတော် သက်သက်ဘဝမှာ အမေ ထမ်းနေရတဲ့ ကားတိုင်ကိုတောင် အမေ ထမ်းနိုင် သေးတယ်လေ။ ဘုရားရှင်က အမေ့ကို မစွန့်ပစ်ထားပါဘူး။ ဟေဗြဲ ၁၃း၅ မှာ သင်တို့၏ အကြံပြုမူခြင်းသည် ငွေကို တပ်မက်ခြင်းနှင့် ကင်းလွတ်၍ ကိုယ်၌ရှိသော ဥစ္စာနှင့် ရောင့်ရဲခြင်း ရှိကြလော့။ အကြောင်းမူကား ငါသည် သင့်ကို အလျှင်း ပစ်၍ မထားဟု ကတိတော် ရှိ၏။

အမေက အိုလာပြီး၊ နာလာပြီး။ သေဖို့ပဲ ရှိတော့တယ်လို့ အမေ အမြဲ ပြောတယ်။ သေခြင်းတရားကို လက်ခံဘို့ အဆင်သင့် ဖြစ်နေပြီးလို့ အမြဲ ပြောပေမဲ့ အဖဘုရားက အမေ့အတွက် အထက် ကောင်းကင်ဘုံအိမ် ဆောက်လို့ မပြီးသေးလို့ဖြစ်မယ်။ အသက် ကြီးလာရင် လက်တလော မှတ် ဉာဏ်တွေ မကောင်း ပေမဲ့၊ နောက်ကြောင်းပြန် မှတ်ဉာဏ်တွေ ကောင်းပါတယ်။ အမေ။ ကျမ ငယ်စဉ်က ဖတ်ရွတ်ခဲ့တဲ့ နှုတ်ကပတ်တော်တွေကို ပြန်စဉ်းစား ခွန်အား ယူပါအမေ။ လောက ဇာတိ က နွားကလေး နို့ကို နွားကြီး စို့ရမယ် ဆိုတဲ့ အမေ ဆိုတာ တစ်ချိန်က သမီးကို လူဖြစ်အောင် နို့ချိုတိုက်ကျွေးခဲ့ပြီး အခုချိန်မှာ သမီး က အမေ့ကို ENSURE နို့မှုန့် ဝယ်တိုက်သလို ဝိညာ ဉ် အစာပြန်ကျွေးရမဲ့ အလှည့်ပါ အမေ။ အလုပ်ခွင်မှာ အလုပ်ပြီးရင် အိမ်ပြန်လို့ ရပေမဲ့ သေဖို့ လမ်းခရီး ကတော့ ဘယ်နေ့ သွားရမလည်းဆိုတာ မသိနိုင်ဘူး။

သမီးရဲ့ အလုပ်က ကုသိုလ်လည်းရ ဝမ်းလည်း ဝ တာမို့ အချိန်ရှိခိုက် လုံ့လ စိုက်ပြီး အလုပ် လုပ်နေတာပါအမေ။ အမေနဲ့ သမီးမှာ ဘုရား အလိုဘာရှိလည်း ဆိုတာ မသိတာမို့ ဆုတောင်းခြင်းနဲ့ ဖွင့်ပြဖို့ ပဲ ။ ၁တိ ၂း၄ မှာတော့ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာ တရားကို သိစေခြင်းငှာ၊ ဘုရားသခင် အလိုတော်ရှိ၏။ ဂလာတိ ၁း၁၀ မှာ လူ၏ အလိုသို့ လိုက်သလော။ ဘုရား၏ အလိုသို့ လိုက်သလော။ လူတို့ စိတ်ကို နူးညွှတ်စေခြင်းငှာ ရှာကြံသလော။ လူ၏စိတ်ကို နူးညွှတ်စေခြင်းငှာ ရှာကြံသေးလျှင် ခရစ်တော်၏ အစေခံကျွန် မဟုတ်ပြီး။ လို့ ဆိုထားပါတယ်။

နိဂုံးချုပ် အနေနဲ့ အမေ့ ကို ပြောပြချင်တာက သမီး တိုင်းတစ်ပါးမှာ လူ့ရဲ့ အစေခံကျွန် လာလုပ် နေသော်လည်း ဘုရားရှင်ရဲ့ စိတ်တော်နဲ့ တွေ့ဖို့ ကြိုးစား ပြီး၊ လူတွေနှစ်သက်စေဖို့သာ ကြိုးစားခြင်း မဟုတ်ဘဲ၊ ဘုရားရဲ့ အစေခံကျွန် ဖြစ်ဖို့ အခွင့်အလမ်းတစ်ခုသာ ဖြစ်ပါတယ်။ သမီးရဲ့အမေ အိမ်ပြန် ခရီးကို မျှော်နေ သလို အမေရဲ့ အဖဘုရား ရင်ခွင်တော်ပြန်ဖို့ အချိန်ကိုတော့ ယော ၁၄း၁-၃နဲ့ ဆင်ခြင် နှလုံးသွင်းပါ။ သင်တို့ စိတ်နှလုံးပူပန်ခြင်း မရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့၊ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့အဖ၏ အိမ်တော်၌ နေစရာ အခန်းများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါ မပြောဘဲ မနေ။ သင်တို့ နေစရာ အရပ်ကို ပြင်ဆင် ခြင်းငှာ ငါသွားရ၏။ ဒီ ကျမ်းပိုဒ်က တပည့်တော်တွေကို နှစ်သိမ့်တော်မူခြင်း ဖြစ်သလို ၊ သမီးနဲ့ အမေ့ အတွက်လည်း ဖြစ်ပါတယ်။ ယုံကြည် စိတ်ချပါ။ လောကမှာ အသက်ရှင်စဉ်အခိုက် ယခုလို စိတ်ချမ်းသာ လူကျန်းမာ နေခွင့် ရနေတာဟာ မေတ္တာတော်ရှင် ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ကြောင့်ပါ။ ဖန်ဆင်းရှင် ဘုရား၏ ကျေးဇူး ဂရုဏာ မေတ္တာကို ရေတွက် ချီးမွမ်းပြီး အမေ အသက် တစ်ရာကျော် ရှည်ပါစေလို့ ဆုတောင်း ပေးပါတယ်။ အမေနဲ့အတူ အမေများ အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာ ကြပါစေ။ ။ Mary ဖျာပုံ

---

# သက်သေခံချက်

**သက်သေခံချက်** တောနှင်းပန်း

ထာဝရဘုရား၏ ကောင်းမြတ်ခြင်း အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ဘုရားသခင်သည် ခေါ်ရင် ထူးသော ဘုရား ဖြစ်ကြောင်း သက်သေခံခြင်း ဖြစ်ပါတယ်။ ကျွန်မ လွန်ခဲ့တဲ့ နှစ်လ ခန့်က အိမ်ရဲ့ phone bill သွား ဆောင်ရင်း အပြန်လမ်းမှာ စက်ဘီး မှောက် ခဲ့တယ်။ လမ်းဘေးမှာ ပစ်ထားတဲ့ အမှိုက်ပုံထဲက သံကြိုးနဲ့ စက်ဘီးနဲ့ ညှိပြီး စက်ဘီး မှောက်ခဲ့တယ်။ လူနဲ့ စက်ဘီးခြင်းထဲ ထည့်ထားတဲ့ ပစ္စည်းတွေ က အဝေးကို လွှင့် သွားတယ်။ ဒူးလဲ ဖေ တ်တော်လေး နာ သွားတယ်။ နေ့ခင်း ၁နာရီလောက် ဆိုတော့ နေ ကလည်းပူ၊ နာကလည်း နာ ဆိုတော့ အကူအညီ



တောင်းဖို့ ပတ်ဝန်း ကျင်ကို ကြည့်တော့ ဘယ်သူမှ မတွေ့တာနဲ့ ကိုယ့် ဖာသာ ကုန်းထ၊ ပစ္စည်းတွေ ကောက်ပြီး အိမ်ကို ရောက်အောင် ဘုရားပေးတဲ့ ခွန်အားနဲ့ ပြန်ရောက်ခဲ့တယ်။ ခြေထောက် ပွန်းပဲ့ ပေမဲ့ ခြေထောက် မကျိုး ခဲ့ပါဘူး။

ဘုရားသခင်ရဲ့ ကျေးဇူး တော်ကို ချီးမွမ်းပါတယ်။ နောက်လ phone bill သွားသွင်းမယ် ဆိုတော့ phone bill စာအုပ် ရှာမတွေ့တော့မှ စက် ဘီး မှောက်ချိန် တုန်းက ကျ ကျန်ခဲ့မှန်း မသိဘူး။ စာအုပ် ဧ နရာ အထားများ တာပဲဆိုပြီး တအိမ်လုံး အနှံ့ ရှာတာ မတွေ့ ဘူး။ စာအုပ်ကို ရှာရင်း ကျွန်မ ဆုတောင်းတယ်။ အိုအဖ သမီးရဲ့ phone စာအုပ်လေးကို ပေးတွေ့ပါ။ ကိုယ်တော် ဘုရားရဲ့ ကောင်းမြတ်ခြင်းကို ပို၍ သိခွင့် ပေးပါလို့ ဆုတောင်းပြီး အိမ်အနှံ့ လိုက်ရှာတယ်။ မတွေ့ တော့မှ စက်ဘီး မှောက်တုန်းက လမ်းမှာ ပြုတ်ကျ ကျန်ခဲ့လား မသိဘူးဆိုပြီး phone ရုံးကို သွားရင်း စက်ဘီးမှောက်လို့ စာအုပ် ပြုတ်ကျ လောက်တဲ့ နေရာ ပတ်ဝန်းကျင် အိမ်တွေကို မေးကြည့်မယ်ဆိုမှ ဘယ်သူမှ မတွေ့ဘူး။ ကျွန်မ phone ရုံးကို သွားပြီး အကျိုးအကြောင်း သွားပြောပြတော့ phone ရုံးက သူတို့ဆီမှာ စာအုပ် ရောက်နေကြောင်း၊ အိမ်ကို ဖုန်းဆက်ပေမဲ့ ဖုန်းဆက်လို့ မရကြောင်း ပြောပြပြီး ကျွန်မ ဖုန်း စာအုပ်ကို ထုတ်ပေးပါတယ်။ praise the lord လို့ ရင်ထဲက ပြောပြီး ရင်ထဲကလည်း စာအုပ်ကို ကောက်ပြီး ဖုန်းရုံးကို လာပို့ပေးသူကို ဘုရားသခင် ကောင်းကြီး ပေးပါစေလို့ ဆုတောင်း ပေးပါတယ်။ ၂လ တာ ပျောက်နေတဲ့ စာအုပ်လေးကို ပြန်ရှာပေးသော ဘုရားရှင်သည်၊ ပျောက်ဆုံး နေသော ဝိညာဉ်များကို လည်း ရှာဖွေပေးမှာဖြစ်ကြောင်း၊ ကေန် မုချ သိရှိခံစား မိရင်း ဤ စာမူဖြင့် ဘုရားသခင်သည် ဧ နေ့စဉ် ကျမတို့ရဲ့ အသက်တာ အသက် ရှင်ခြင်း အသေးစိတ်ကို စိတ်ဝင်စား လမ်းပြပေးသော ဘုရား ဖြစ်ကြောင်း သက်သေခံ လိုက်ပါတယ်ရှင်။ ။ တောနှင်းပန်း

# ဝိုရီပြေးခရစ်ယာန်

**ရီ ဝို ပြေး ခရစ်ယာန်** ဇီးရိုး

တစ်ခါတုန်း ကပေါ့။ တိုင်းပြည်ရဲ့ ဘုရင် လုပ်သူက နွား တစ်ကောင်ကို ရီအောင်၊ ဝိုအောင်၊ ထွက်ပြေးအောင် လုပ်နိုင်ရင် ဘွဲ့တွေ ရွှေငွေ ဆုလာဒ်တွေ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၀ ဇွန်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချီရန် ၈၅၀ ထုတ်ဝေသည်။



ချီးမြင့်မယ် ဆိုပြီး ကြေငြာ မောင်းခတ်စေတယ်။ ဒါနဲ့ တိုင်းပြည်မှာ ရှိတဲ့ အသိ ပညာ အတတ်ပညာရှင်တွေ အကုန် ဝင်ပြိုင် ကြတာပေါ့။ ဘယ်သူမှ မလုပ် နိုင်ဘူး။ အဲ့အချိန်မှာ လုလင် တစ်ယောက် အသက်၂၅ နှစ် အရွယ် လောက်ပေါ့။ ပြိုင်ချင်တယ် ဆိုပြီး ကွင်းပြင်ထဲ ဝင်လာတယ်။ ပုံစံက - ပေစုတ်စုတ်၊ ခပ်နွမ်းနွမ်းနဲ့ လွယ်အိပ်က ကျော်သူထုံး ထုံးထားလေရဲ့။ မင်းကြီးကို လျှောက် တယ် ။ ပြိုင်ပါရစေ တဲ့ ။ မင်းကြီးက ပြောတယ်။ မင်းထက် အရင် ပညာရှင် ပေါင်းများစွာ ပြိုင်ပြီးပြီ။ မင်း ရပ့်မလား။ ပြိုင်ချင်ရင် နာမည် စာရင်းပေး၊ ဒါပြီးရင် မင်း ပြိုင်ချင် ပြိုင်ပေါ့။ ဒါနဲ့ပဲ နွားကျောင်းသားပုံစံနဲ့ ကောင်လေးဟာ သူ့ အလှည့် ရောက်တဲ့အခါ နွား နားကို ကပ်ပြီး ခပ်တည်တည်နဲ့ ပြောချ လိုက်တယ်။ နွားက အားရ ပါးရ ရီပါလေရော။ အားလုံး အံ့သြသွားတယ်။ နောက်ထပ် ထပ် ပြောတယ်။ နွား နားကပ်ပြီးတော့. . . နွားက ငိုပါလေရော. . . .။ အားလုံး မျက်လုံး ပြူး မျက်ဆံပြူး အံ့သြနေရပြီ ။ နောက်ထပ် ထပ်ပြောတယ်။ နွား နားကပ်ပြီးတော့. . .



နွားက ကဆုန်ပေါက် တစ်ချိူးတည်း လစ်ပြေး ပါလေရော. . .။ ဘုရင်က သိချင်တော့၊ မင်း ဘာပြောလိုက်တာလဲဆိုပြီး မေးတော့ ပထမဆုံး တစ်ခွန်းက "ငါဟာ အမြင့်ဆုံးသော ထာဝရဘုရားရဲ့ အမှုတော်ဆောင်ပါ " တဲ့ အဲ့လို့ ပြောလိုက်လို့ နွားက သဘောကျပြီး ရီတာပါ မင်းကြီး. . လို့ လျှောက်တင် တယ်။ ဒါဆို ဒုတိယ တစ်ခွန်း ကရောလို့ ဘုရင်က ထပ်မေးတဲ့အခါ ဒုတိယ တစ်ခွန်းက" ငါ့မှာ ပုံသေ လစာ ဝင်ငွေ မရှိပါဘူး "လို့ ပြောလိုက်လို့ နွားက သနားပြီး ငိုတာပါ မင်းကြီး. . . နောက်ဆုံး တစ်ခွန်းကတော့" မင်းလည်း ငါ့လို အမှုတော် ဆောင် လုပ်မလား "လို့ မေးလိုက်တော့ နွားက လန့်ပြီး တစ်ချိူးတည်း လစ်ပြေး သွားတာပါ မင်းကြီး. . . .တဲ့။ ပုံပြင်ထဲက နွားလို ငို ရီ ပြေး ခရစ်ယာန် မဖြစ်ကြ ပါစေနဲ့ လို့ ဆန္ဒပြုရင်း . . . . အားလုံး ဘုရား အမှုတော်ကို ဆောင်သော သူ။ ဘုရားဘုန်း ထင်ရှားစေသော သူများ ဖြစ်ကြပါစေလို့. . ဆုတောင်း မေတ္တာ ပို့သ လိုက်ပါကြောင်း. . .။ ။ ဇီးရိုး

Credit Original Loader

---

# ရင်ခွင်မဲ့သားအဖြစ်မှလွတ်လိုပါတယ်အဖေနဲ့အမေ

**ရင်ခွင်မဲ့သားအဖြစ်မှ လွတ်လိုပါတယ် အဖေနဲ့ အမေ** *ယမြူရယ်စိုးလွင်*




(၁) ကျွန်တော်တို့ အမွှာသားသမီးတွေကို စတင်ပြီး သန္ဓေတည် ဖို့အတွက် အစည်း အဝေး ထိုင်ကြတယ်။ မတည်ငွေ တွေ၊ အချိန်၊ အင်အားအတွက်လည်း အားကြိုးမာန်တက် စုစည်းကြ တယ်။ ကျွန်တော်တို့ အတွက် ဆိုပြီး မတည် တဲ့ ငွေကြေးတွေကလဲ ပြမန်မာပြည်တွင်းက အသင်းအဖွဲ့ ပေါင်းစုံပါပဲ။ စည်းလုံး ကြတယ်။ ဒါတင် မကသေးဘူးဗျ။ ပြည်ပ ကလဲ မတည်ငွေ ထည့်ဝင်ကြတယ်။ (ပြီးမှ အဲ့ဒီ ကျေးဇူးရှင်တွေကို အမည် ပြန်ဖော်ပြပေးပါ့မယ်)

(၂) သတ်မှတ်တဲ့ ဖွားချိန် ရောက်လာပြီ။ ကိုးလလွယ် ဆယ်လဖွား ဆိုထားတာ မဟုတ် လားဗျာ။ ကျွန်တော်တို့ကို ဖွားမြင်ဖို့အတွက် တစ်ပါတ်တောင် အချိန် ယူကြရတယ်တဲ့။ ဟုတ်မှာပေါ့ဗျာ။ တစ်ဦးတည်း မွေးတာတောင် ခက်ခဲတာ ခုက အမွှာ တွေလေ။ နေ့ မနား၊ ည မအား ပါပဲ။ အားသွန် ခွန်စိုက်ပေါ့။ လာတဲ့ လက်သည်တွေ ကလဲ အထူးစပါယ်ရှယ်နာစ် တွေပါပဲ။ (ပြီးမှ အဲ့နာစ် တွေကို လည်း ပြန်ပြောပြပ့်မယ် ) ခုနှစ်ရက်တိုင်တိုင် ကျွန်တော်တို့ အသက် မသေဘဲ မွေးလာ စေဖို့ ကြိုးစားကြတယ်။ ငိုသူလဲ ငို။ ရယ်သူလဲ ရယ်။ ဒူးထောက် သူ ထောက်။ အစာရှောင် ဥပုဒ်တွေပါ စောင့်ကြတယ်။ ပင်ပန်းခက်ခဲမှု၊ ကြိုးစား ပမ်းမှုများ အတွက် စဉ်းစားသာ ကြည့်။ ကျွန်တော်တို့ကို မွေးဖွား လာဖို့အတွက် လှုပ်ရှားနေမှုများ - ဖုန်းနဲ့ တစ်သွယ်။ အီးမေးလ်နဲ့ တစ်မျိုး။ ကိုယ်တိုင် ကိုယ်ကျ လာပြီး တစ်ဖုံ။ ကိုယ်ဖိ ရင်ဖိ ပျားပန်းခတ် ဖြစ်နေခဲ့ကြတယ်လေ။ လာသမျှ တွေရော ကျွန်တော်တို့ကိုလည်း ကျန်းမာစွာ မွေးဖွားလာဖို့ ဆိုပြီး အရှေ့ ခုနစ်အိမ်၊ အနောက် ခုနစ်အိမ် သာမက ရွာလုံး ကျွတ်နီးပါး မီးခိုးတိတ်ပါပဲ။ အားလုံး မျှော်လင့် ထားတဲ့အတိုင်း မွေးဖွားခဲ့ပါပြီ။ ကျွန်တော်တို့ အမွှာတွေ အားလုံး ပေါင်း သုံးဆယ့် တစ်ယောက်ဗျ။ အားလုံးက ခုနစ်ရက်မှာ မွေးခဲ့ကြပေမဲ့ ကျွန်တော် တစ်ယောက်က မမွေးနိုင်သေးဘူး။ အားလုံးနဲ့ အတူတူ သန္ဓေ တည်ခဲ့ပေမဲ့ ကျွန်တော်က နောက်ထပ် သုံးရက်နေမှ ပြန်မွေးလာသူပေါ့။

(၃) ကျွန်တော် မွေးဖွားလာတော့ ပျော်လိုက်တာဗျာ။ အရာရာက လူတိုင်းနဲ့ မတူ ဘူးလေ။ အသွင်အပြင်၊ ရာထူး၊ မျိုးရိုးသန့် ဆိုတော့ ပျော်တာပေါ့။ ဒါပေမဲ့ဗျာ...... ကျွန်တော် ကတော့ ခက်ခဲစွာနဲ့ မွေးလာခဲ့သူ ဖြစ်သလို အသက်လည်း ပြင်းတော့ အားလုံးက မောင်သက်ပြင်းလို့ ခေါ်ကြတာကို ပြောဖို့လိုတယ်ဗျ။ ကျွန်တော် ဘယ်လို အသက်ရှင်ခဲ့သလဲ ဆိုတာလဲ ပြောပြချင်တယ်ဗျ။ ကျွန်တော့်ကို မွေးပြီး တော့ ဦးလေးကြီး တစ်ဦးနဲ့ နေခဲ့ရတယ်။ ကျန်တဲ့အမေ။ အဖေ။ ဦးလေး။ ဒေါ်လေး။ ဘကြီး။ ဘလေး။ စတဲ့ ဆွေမျိုးသားချင်းတွေကို မမြင်ရတော့ဘူး ။ ဒီတော့ ကျွန်တော့်နဲ့ အတူတူ ဖွားဖက်တော် တွေကို ပြန်ရှာကြည့်တယ်။ ဟုတ်တယ်လေဗျာ.... သွေးသား ဆိုတဲ့ သံယောဇဉ်က ဖြတ်ဖို့မှ မလွယ်တာလေ။ မျှော်လင့်ခြင်း အပြည့်နဲ့ အမွှာဖြစ်တဲ့ ညီအစ်ကိုများကို သွားကြည့်ခဲ့မိတော့ ရင်နာ စရာ တွေနဲ့ပဲ ဆုံခဲ့ရတယ်လေ။ သူတို့အားလုံး ရခဲ၊ မွန်မြတ်လှတဲ့ ဘဝမှာ မရှိကြ တော့ဘူး။ ကျွန်တော် တော်တော်လေး ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်း များနဲ့ ကြေကွဲ ရတယ်။ ဒါနဲ့ ခလုတ်ထိမှ အမိတ ဆိုသလို အမေနဲ့ အဖေကို အပြေး အလွှား ရှာမိတယ်။ မိဘတွေကို တွေ့တော့မှ ကျွန်တော် ရင်ပို ကျိုးရပါတယ်။ မင်းတို့ အမွှာတွေကို မွေးဖို့က ငါ့ တာဝန်ပါ။ ဒါပေမဲ့ တစ်ဦးချင်းကို ပြုစု စောင့်ရှောက် ပေးဖို့၊ လူလား မြောက်အောင် ကာကွယ်၊ သွန်သင်ပေးဖို့ ကတော့ ငါတို့ တာဝန် မဟုတ်ဘူး လို့ ဆိုလာချိန်မှာ ကျွန်တော့် ခံစားချက်ကို တွေးသာ ကြည့်ကြပါ တော့။ မျက်ရည်များ ကြားကနေပြီး မိဘမေတ္တာဆိုတာ ဘာလဲ။ တောင်းဆိုး ပလုံးဆိုး သာ ပစ်ရိုး ထုံးစံရှိပြီး သားသမီးဆိုးကို ပစ်ရိုး မရှိဘူးတဲ့။ မြန်မာ စကားပုံက လွဲနေလေရော့သလားဗျာ။ ကျွန်တော်တို့ တစ်တွေက လူဆိုး လည်း မဖြစ်သေးဘူး။ အကောင်းအဆိုးလည်း မသိသေးတဲ့ လူမမယ်လေး တွေပါပဲ။

(၄) ငါတို့ မအား ဘူး။ မင်းပြောစရာ ဒါပဲ မို့လား။ ငါတို့မှာ လုပ်စရာတွေ ရှိသေး တယ် ဆိုပြီး ကျောခိုင်း ထွက်သွားတဲ့ မိဘနစ်ပါးနဲ့ ဆွေမျိုးသားချင်းတွေကို ကျွန်တော် မျက်ရည် မျက်ခွက်နဲ့သာ ငေးကြည့် ကျန်နေရစ်ခဲ့ရတယ်။ ဒါနဲ့ ကျွန်တော့် မိဘ ဆွေမျိုးတစ်သိုက် ဘာတွေများ အလုပ် ရှုပ်နေလဲဆိုတာ သိချင် တာနဲ့ စုံးစမ်းကြည့်မိတယ်။ သွားပြီ.... ကျွန်တော့်လို နောက်ထပ် မိဘမဲ့လေးတွေ ဖြစ်လာမဲ့ အမွှာ စီမံကိန်းတွေ ယခင်အတိုင်း အစည်းအဝေး ထိုင်။ ဇယား ချ။ မတည် ငွေတွေအတွက်။ ဖုန်းတွေ။ အီးမေးလ်တွေ။ ပရိုဂျက်တာတွေနဲ့ အလုပ် ရှုပ်နေကြ ပြန်တာကို တွေ့ရတယ်လေ။ ကျွန်တော် စိတ်မကောင်း ဖြစ်မိတယ်။



ညီလေး တို့၊ ညီမလေးတို့ရေ မင်းတို့ တစ်တွေများ ငါ့မိဘ အသိုင်းအဝိုင်း များ ကြားမှာ မွေးဖွား လာခဲ့ကြရင်လေ အစ်ကို့လို ဖိုးသက်ပြင်းလေး အဖြစ်၊ ဖိုး သက်ရှည်လေး အဖြစ် လောကဓံတရားများ အကြားမှာ ရဲရဲ ရင်ဆိုင်ကြဖို့ သတ္တိ များနဲ့ ပါ မွေးဖွာလာခဲ့ကြပါလို့ တောင်းဆိုပါရစေ။

(၅) ကျွန်တော့် ဘဝမှာတော့ ဦးလေးကြီး တစ်ဦးက ကျွေးမွေး စောင့်ရှောက်ခဲ့လို့ အသက် ရှင်ခဲ့ရတယ်။ အဲ့ ဦးလေးကြီးက ရင်၌ လွယ်မွေး ခဲ့တဲ့သူလို စေတနာ၊



သခင့်စကား ဓိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၀ ဇွန်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

မေတ္တာ၊ ကရုဏာရှင်ကြီး ကြောင့် အသက်ရှိ သူတို့ရဲ့ အဖစစ် ဖြစ်တဲ့ ဘုရား သခင်နဲ့ မိတ်ဆက် ပေးခဲ့လို့ ရခဲ၊ မွန်မြတ်လှတဲ့ ဘဝရဲ့ အနှစ်သာရကို ပိုင်ဆိုင်ခွင့် ရခဲ့ပါတယ်။ ကိုယ်ကောင်းရင် ပြီးရော့ ဆိုတဲ့ စိတ် မမွေးရဘူးလို့ အဲ့ ဦးလေး ကြီးက သွန်သင်ပေးခဲ့တာကြောင့် ကျွန်တော် ကောင်းမွန်စွာ အသက်ရှင်သန် ခဲ့ရပေမဲ့ နှစ်စဉ် ကျွန်တော် မတိုင်မီ ကျွန်တော်နဲ့ အချိန်ကိုက် ကျွန်တော့် နောက်မှာ မွေးခဲ့ကြတဲ့သူတွေများ ဘယ်သူတွေ အသက်ရှင် ကျန်ပြီး။ ဘယ်သူ တွေ သေဆုံးခဲ့ကြပြီးလဲ ဆိုတဲ့ အသိတရားများ ဝင်လာရင် စိတ်မကောင်းစွာနဲ့ တောင်းဆု ပြုရင်း၊ တမ်းတမြည်တမ်း မိတာက "အဖေနဲ့ အမေတို့ရယ် သားတို့ လိုမျိုး မဖြစ်စေဖို့ နောင်လာမဲ့ ညီလေး ညီမလေးများကို မိဘမဲ့ သဖွယ် မွေးပြီးရင် ပစ် မထား ကြပါနဲ့။ အဖေနဲ့ အမေတို့ မကျွေးမွေးနိုင်ရင်လဲ နီးစပ်ရာ မိဘမဲ့ ဂေဟာ လေးများ အထိ အရောက်ပို့ ပေးပြီးမှ လိုရာခရီး ဆက်ကြပါလို့ တောင်းဆို ပါရစေ"။ ။ **ဆယ်မြူရယ်စိုးလွင်**

မှတ်ချက်။ ။ ဘ ဝမှာ ထာ ဝရအသက်ကို ရရှိစေဖို့ ကျွေးမွေး ပြုစုခဲ့ကြသော သင် ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ အားလုံးကို ကျေးဇူးတင်ခြင်း များနှင့် အတူ နောက် လာမဲ့ ညီရင်း အစ်ကိုများလည်း အသက်ဘေး အန္တရာယ် အသွယ်သွယ် လွတ်ကင်း နိုင်ကြစေဖို့သာ ရည်ရွယ်ရေးသားခြင်း ဖြစ်ပါတယ်။

---



ဘီလျံနာ သူခိုးက မျက်နှာပြောင်၊
အိမ်သာထရံ သူခိုးက မျက်နှာမှောင်။
ဘီလျံနာ သူခိုးက မိုးပေါ်ပျံ၊
အိမ်သာထရံ သူခိုးက ထောင်နန်းစံ။
သူခိုး ဓါးပြတွေ ကြီးစိုးနေတဲ့ ကာလ၊
ရွတ်ပါရစေ သမ္မာကျမ်း တခန။
ကိုရွှေသူခိုးက ငါ့အိမ်အောက် -
ငါတို့ အကြွေးတွေ လည်ပင်းရောက်၊ ငါးပါးတွေ မှောက်။ ။
သူခိုး တွေက သူဌေးဖြစ်၊ မခိုးတဲ့ သူတွေက ခွေးဖြစ်။
သူခိုးတွေက ခမ်းနား ကောင်းစား ။ မခိုးတဲ့ သူတွေက နင်းပြား တောင်းစား ။
သူခိုးတွေက ပျော်ပါး။ မခိုးတဲ့ သူတွေက ဆားနဲ့ စား။
သူခိုးတွေက အလွန်ပျော်ပိုက် ၊
မခိုးတဲ့ သူတွေက အကြွေး လည်ပင်း ခိုက်။
ခိုး ဆိုး လု နှိုက် ။ စာတန် စရိုက်မို့
အဲ့ဒီ သူခိုးတွေ အားလုံးကို စာတန် လက်ထဲ အပ်လိုက်ပါဗျို ။ ။

*(မင်းအောင်သက်လွင်)*

---

# သူခိုးကဗျာ

သူခိုးကဗျာ *(မင်းအောင်သက်လွင်)*

သူခိုး ကတော့ - No ပါ လို့ဘဲ ပြောမှာပေါ့။
Yes လို့ ဝန်ခံတဲ့ သူခိုး ၊ ဘယ် သူခိုးမှ မရှိ။
ခိုးထုပ် ခိုးထည်နဲ့ မိရင်တောင်၊ ကြောင်တောင်တောင် ခေါင်းရှောင်မဲ့ အမျိုး၊
ကိုရွှေသူခိုးကတော့ No ။
အာဏာ သူခိုး၊ ပါဝါ သူခိုး ။
အဿပြာ သူခိုး၊ တဏှာ သူခိုး ။
ကဗျာ သူခိုး။ သီချင်း သူခိုး။ မြေ သူခိုး၊ ရွှေ သူခိုး။
လယ် သူခိုး၊ ထယ် သူခိုး။ နမ်း သူခိုး၊ လမ်း သူခိုး။
နဲနဲ ခိုး ၊ ကဲကဲ ခိုး။ များများ ခိုး၊ ပါးပါး ခိုး။
မသိမသာ ခိုး ၊ သိသိသာသာ ခိုး ။
မျက်မှန်နက်ကြီးနဲ့ ခပ်မိုက်မိုက် သူခိုး ၊
နှုတ်ခမ်းနီ တသွေးတမွေးနဲ လှလှပပ သူခိုး။
ပါးကွက်ကြားနဲ့သူခိုး၊ ဖက်ခွက်စားတဲ့ သူခိုး။
တိုက်ပုံ မည်းမည်းနဲ့ သူခိုး၊ အမှိုက်ပုံ ထဲ လဲတဲ့ သူခိုး။
နက်ကတိုင်နဲ့ သူခိုး ၊ ကုလားထိုင်နဲ့ သူခိုး။
ပန်ကာ အောက်က သူခိုး ၊ မှန်ရာ ပျောက်တဲ့ သူခိုး။
ညနက်သန်းခေါင် ခိုးတဲ့ သူခိုး ၊ နေ့ခင်းကြောင်တောင် ခိုးတဲ့ သူခိုး။
တိုင်းပြည် ဘဏ္ဍာ ခိုးတဲ့ သူခိုး ၊
ဘောင်းဘီ စာစပိုင်ဒါ ခိုးတဲ့ သူခိုး။
အမှောင်ကွယ်က သူခိုး ၊ ပြောင်နယ်က သူခိုး။
ပလ္လင်ပေါ်က သူခိုး ၊ ကုတင် ပေါ်က သူခိုး။
ငါးမူးတစ်မတ် သူခိုး၊ ဘုရားဖူး ဖိနပ် သူခိုး။
အိမ်တိုင် ချွတ်ယူမဲ့ သူခိုး ၊ တိမ်ဆိုင် ဆွတ်ယူမဲ့ သူခိုး ။
ခေါင်းပေါင်း ဆောင်းတဲ့ သူခိုး ၊ သောင်းပြောင်း ရောင်းတဲ့ သူခိုး ။
သူခိုး အမျိုးမျိုး ၊ သူခိုး အထွေထွေ -
သူများဟာ ငါ မခိုးရင် ၊
ငါ့ဟာ သူများခိုးမှာ စိုးလို့ပါတဲ့။
သူခိုးတွေ ကြီးစိုး နေကြ၊
သူခိုး ရွှေထီး မိုးနေကြ။





## ငါ့ ဥ [ကာတွန်း - မင်းအောင်သက်လွင်]






သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၀ ဇွန်လ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။